# အစီရင်ခံစာ အကျဉ်းချုပ်

လွန်ခဲ့သော ဆယ်စုနှစ်ကာလ အတွင်း မဲခေါင်ရွှေ့ပြောင်းအလုပ်သမားများ ကွန်ယက် (MMN) ၏ အဓိက လုပ်ငန်း ဆောင်တာ တစ်ရပ်မှာ ရွှေ့ပြောင်းအလုပ်သမားများအား အစိုးရမှ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ နေရပ်ပြန်လည်ပို့ဆောင်ခြင်းများ နှင့် စပ်လျဉ်း၍ စောင့်ကြည့်ခြင်း၊ ဥပဒေများ၊ ပေါ်လစီနှင့် လုပ်ထုံးလုပ်နည်းများ ပြုပြင်ပြောင်းလဲရန်အတွက် စည်းရုံး လှုံ့ဆော်မှုများကို လုပ်ဆောင်ခြင်းတို့ ဖြစ်သည်။ လူကုန်ကူးမှုကြီးကြပ်ရေး အခွင့်အာဏာကို တလွဲအသုံးပြုနေသေးသ၍ ရွှေ့ပြောင်းအလုပ်သမားများ၏ နေ့စဉ်ဘဝများအပေါ် အဆိုးဘက်မှ ထိခိုက်မှုများသည် အလွန်စိုးရိမ်စရာ အခြေအနေဖြစ်သည့်အပြင် လူ့အခွင့်အရေး ချိုးဖေါက်မှုများ၏ ဇစ်မြစ်လည်း ဖြစ်သည်။ ဥပမာအားဖြင့် ယခုနှစ်များအတွင်း ထိုင်းအာဏာပိုင်များမှ လူကုန်ကူးမှုကြီးကြပ်ရေးနှင့် စပ်လျဉ်း၍ တင်းကြပ်သော အရေးယူမှုများ ပြုလုပ်ခဲ့သည့်အတွက် ရွှေ့ပြောင်းအလုပ်သမားများ၏ အသက်ဆုံးရှုံးမှုများ ဖြစ်ပွားခဲ့သည်။

ယခုလေ့လာချက်၏ ရည်ရွယ်ချက်မှာ ယခင် MMNက သုတေသန ပြုလုပ်ထားသော ထိုင်းနိုင်ငံအတွင်း ရွှေ့ပြောင်းအလုပ်သမားများကို ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း နှင့် နေရပ် ပြန်လည်ပို့ဆောင်ခြင်းများနှင့် စပ်လျဉ်းပြီး လက်ရှိ ဥပဒေ၊ ပေါ်လစီနှင့် လက်တွေ့လုပ်ဆောင်နေသည့် အခြေအနေများကို ဖြည့်ဆည်းရန်ဖြစ်သည်။ ထို့ပြင် ဤအစီရင်ခံစာသည် ရွှေ့ပြောင်းအလုပ်သမားများ လက်တွေ့ ကြုံတွေ့ရသော ဖမ်းဆီးခံရခြင်း၊ ထိန်းသိမ်းခံရခြင်းနှင့် နေရပ် ပြန်လည်ပို့ဆောင်ခံရခြင်း အတွေ့အကြုံများကို အသေးစိတ် စနစ်တကျ လေ့လာသုံးသပ်ရန်လည်း ရည်ရွယ်ပါသည်။

ယခု လေ့လာချက်ကို ရွှေ့ပြောင်းအလုပ်သမား ၂ဂဂကျော် နှင့် အဓိကကျသော အစိုးရ အရာရှိများကို မေးမြန်းထားချက်များ အပေါ် အခြေခံထားရုံသာမက MMN သုတေသနအဖွဲ့မှ ပြုလုပ်သော အသေးစိတ် ဆင့်ပွား သုတေသနငယ်များကိုလည်း အခြေခံ၍ ပြုစုခဲ့ပါသည်။ ဤလေ့လာချက်သည် ထိုင်းနိုင်ငံအတွင်း ရွှေ့ပြောင်း အလုပ်သမားများကို ဖမ်းဆီး၊ ထိန်းသိမ်းခြင်းနှင့် နေရပ်ပြန်လည်ပို့ဆောင်ခြင်းဆိုင်ရာ ပေါ်လစီနှင့် လုပ်ထုံးလုပ်နည်းများကို အနီးကပ်စောင့်ကြည့်ပြီး ထိုပေါ်လစီများကို မည်သို့ အကောင်အထည်ဖေါ်နေသည် ကို မီးမောင်းထိုးပြရန် ဖြစ်သည်။

## <u>သုတေသန တွေ့ရှိချက်များ</u>

***ဖမ်းဆီးခြင်း***

ဖမ်းဆီးခံရမည်ကို ကြောက်ရွံ့ခြင်းသည် ရွှေ့ပြောင်းအလုပ်သမားများ၏ ဘဝအပေါ်တွင် ကြီးမားသော စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတစ်ခု ဖြစ်စေပါသည်။ ရွှေ့ပြောင်းအလုပ်သမားများသည် အချိန်မရွေး နေရာမရွေး အဖမ်းခံရနိုင်ပြီး မိမိကိုယ်မိမိ ကာကွယ်နိုင်ရန် အနည်းအကျဉ်းသာ လုပ်ဆောင်နိုင်သည်။ ညနှင့် မနက်စောစော အချိန်များတွင်ပင် ဝင်ရောက်စီးနင်း ဖမ်းဆီးမှုများလည်း ပြုလုပ်နိုင်ပါသည်။ ထို့ကြောင့် ရွှေ့ပြောင်းအလုပ်သမားတစ်ယောက်၏

ဘဂ္ဂသည် အကြောက်တရား စိုးရိမ်မှုများနှင့် အမြဲဖိစီးနေပါသည်။ ဖမ်းဆီးခံရသည့် ရွှေ့ပြောင်းအလုပ်သမားများမှ ၃၁ရာခိုင်နှုန်းသည် သူတို့ အလုပ်ထဲတွင် အဖမ်းခံရပြီး ၂၂ ရာခိုင်နှုန်းမှာ နေအိမ်တွင် အဖမ်းခံရခြင်းဖြစ်သည်။ ရွှေ့ပြောင်း အလုပ်သမား တစ်ယောက်ပြောသည်မှာ၊

*"ပုလိပ်လာဖမ်းတော့ ကျွန်တော့်မှာ အပေါ်အင်္ကျီတောင် ဝတ်မထားဘူးဗျ။ ဖမ်းမိတော့ ကျွန်တော့်ကို ရှပ်အင်္ကျီလေးတောင် ဝတ်ဖို့ ခွင့်မပေးဘူး။ အာဏာပိုင်တွေ ဖမ်းဆီးရေး လုပ်ရင် ရဲတွေအများကြီးနဲ့ လာကြတယ်။ ရွှေ့ပြောင်းအလုပ်သမား များများ ဖမ်းမိအောင်ပေါ့ဗျာ။"*

ကမ္ဘောဒီယား ငါးဖမ်းအလုပ်သမား၊ ရရောင် ခရိုင်

ရွှေ့ပြောင်းအလုပ်သမား အများစုမှာ အလုပ်လုပ်ခွင့်လက်မှတ်နှင့် အခြားလိုအပ်သည့် လက်မှတ်အထောက်အထား ရှိသည့်တိုင် အဖမ်းခံကြရသည်။ လက်တွေ့လုပ်ဆောင်ရာတွင် စံတစ်ခုတည်းထား၍ လုပ်ဆောင်နိုင်ခြင်း မရှိသောကြောင့် ရွှေ့ပြောင်း အလုပ်သမားများသည် အာဏာပိုင်များအပေါ် ယုံကြည်နိုင်မှု လျော့နည်းလာသည်။ ရွှေ့ပြောင်းအလုပ်သမားများမှာ လူဝင်မှု ကြီးကြပ်ရေး၏ အကြောင်းပြချက်မရှိ ရှောင်တခင် ဝင်ရောက် ဖမ်းဆီးမှုများကြောင့် အချိန် အလွန်ပေးရပြီး၊ ငွေကုန်ကြေးကျများသော မှတ်ပုံတင်များ သည်လည်း ၎င်းတို့အား ကာကွယ်မပေးနိုင်ဟု ယုံကြည် ကြသည်။ ရွှေ့ပြောင်းအလုပ်သမားတဦး အင်တာဗျူး၌ ဖော်ပြသည်မှာ၊

"ဒေသခံပုလိပ်က ကျနော်ကို စနေဈေးနေ့မှာ ဖမ်းတယ်ခင်ဗျ။ ကျွန်တော်လည်း ကျွန်တော့် အလုပ်လုပ်ခွင့် လက်မှတ်ကို ထုတ်ပြပြီး ကျွန်တော် တရားဝင် နေထိုင်တာပါလို့ ရှင်းပြပါတယ်။ အဲဒါကိုတောင် သူတို့ကို ပြန်ခံပြောတယ်ဆိုပြီး ကျွန်တော့်ကို ပါးရိုက်တယ်ခင်ဗျ..."

မြန်မာနိုင်ငံသား ဆောက်လုပ်ရေး အလုပ်သမားတစ်ဦး၊ ဖန်ငခရိုင်

နိုင်ငံတကာနှင့် ထိုင်းနိုင်ငံ ဥပဒေတွင် မည်သူတစ်ဦး တစ်ယောက်ဖြစ်စေ ဖမ်းဆီးခံရလျှင် မည်သည့် အကြောင်းကြောင့် ဖမ်းဆီးခံရသည်နှင့် ၎င်းတို့အား မည်သို့ အရေးယူမည်ကို ဖော်ပြရမည်ဟု ပါရှိသည်။ ယခု လေ့လာတွေ့ရှိချက်များအရ အဖမ်းခံရသော လူများထဲမှ ထက်ဝက်မပြည့်သော လူအနည်းငယ်သာ ဘာကြောင့် အဖမ်းခံရသည်၊ ပြီးလျှင် ဘာဆက်ဖြစ်မည်ကို အသိပေးခံရသည်။ ထိုသို့ ရှင်းပြရတွင်လည်း ၎င်းတို့ ကောင်းစွာ နားမလည်နိုင်သော ထိုင်းဘာသာစကားဖြင့်သာ ရှင်းလင်းပြသည်က များသည်။

***ထိန်းသိမ်းခြင်း***

ယခု လေ့လာတွေ့ရှိချက်များအရ ရွှေ့ပြောင်းအလုပ်သမားများကို ဖမ်းချုပ်ထိန်းသိမ်းရာတွင် လုပ်ထုံးလုပ်နည်းများ ကွဲပြားခြားနားပြီး ထိန်းသိမ်းရေးနေရာများလည်း မတူသလို ထိန်းသိမ်းထားသည့် အချိန်ကာလလည်း ကွဲပြားသည်ကို တွေ့ရှိရသည်။ ထို့အပြင် ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ ညှင်းဆဲမှုများလည်း ရှိသည်ဟု ဖော်ပြသည်။
အမျိုးသမီး ရွှေ့ပြောင်းအလုပ်သမားတစ်ဦး ပြောပြသည်မှာ၊

*"အာဏာပိုင်တွေက ကျွန်မ အပါအဝင် ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးတွေကို လက်ကိုင်တုတ်တွေ အသုံးပြုပြီး ခန္ဓာကိုယ် ရှာဖွေ စစ်ဆေးတာတွေ လုပ်ကြတယ်။ ပုလိပ်တွေကလည်း ခန္ဓာကိုယ် ရှာဖွေစစ်ဆေးရေး လုပ်ကြတယ်။ ဒါပေမယ့် အဲဒီလို စစ်ဆေးတဲ့အခါ အမျိုးသမီး ပုလိပ်တွေတော့ မရှိဘူး။"*

မြန်မာနိုင်ငံသား အမျိုးသမီး စိုက်ပျိုးရေးအလုပ်သမား တစ်ဦး၊ မဲဆောက်

အပြစ်မဲ့သူများ မှားယွင်း စွပ်စွဲခံရခြင်းများ မရှိစေရန်နှင့် အားနည်းသူများကို ကာကွယ်ပေးနိုင်ရန် ဖမ်းဆီးခံရသော ရွှေ့ပြောင်းအလုပ်သမားများကို ထိန်းသိမ်းရေးစခန်းများသို့ မပို့ဆောင်မီ စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ရန်မှာ များစွာ အရေးကြီးလှပေသည်။ တကယ့် လက်တွေ့တွင်မူ အာဏာပိုင်များက ဖမ်းဆီးထားသော ရွှေ့ပြောင်း အလုပ်သမားများကို ထိုကဲ့သို့ စစ်ဆေးမှုများ ပြုလုပ်ခြင်းမရှိဘဲ ဤသည်ကပင် လူ့အခွင့်အရေး ချိုးဖောက်မှု တစ်ရပ်ဖြစ်ပြီး အားနည်းသူများကို ပိုမို အန္တရာယ် ကျရောက် နိုင်စေသည်။ ယခုလေ့လာချက်တွင် ပါဝင်ခဲ့သော အလုပ်သမားများ၏ ၃ရာခိုင်နှုန်းကသာ အာဏာပိုင်များက ၎င်းတို့ကို အလုပ်သမားအခွင့်အရေး ချိုးဖေါက်ခံရခြင်း၏ သားကောင်များ၊ လူကုန်ကူးခံရသူများ သို့မဟုတ် ဒုက္ခသည်များ ဟုတ် မဟုတ် ခွဲခြားနိုင်ရန် မေးခွန်းများ မေးမြန်းခံခဲ့ကြောင်း ပြောကြားသည်။

ဖမ်းဆီးခံရသူ အများစုမှာ အချုပ်ခန်းသို့ လွှဲပြောင်းပြီး ရေးမနှောင်းမှာပင် နေရပ်သို့ ပြန်လည် ပို့ဆောင်ခံခဲ့ရကြောင်း သိရသည်။ ထိုသူများကို တရားရုံးစစ်ဆေးမှုများ ပြုလုပ်ခြင်း မရှိဘဲ ၎င်းတို့ ပြစ်ဒဏ်များအပေါ်တွင် အယူခံဝင်ခွင့်နှင့် ၎င်းတို့၏ အခြေအနေများအပေါ် အချိန်ပေးသုံးသပ်မှုများ ပြုလုပ်ခြင်းလည်း မရှိပေ။ ထို့ပြင် ရွှေ့ပြောင်း အလုပ်သမား များအတွက် တရားမျှတမှု ရယူနိုင်ခြင်း မရှိကြောင်း မီးမောင်းထိုးပြနေသည့် အခြားအချက် တစ်ချက်မှာ ထိုသူများအား ထိုင်းဘာသာစကားဖြင့် ရေးထားသော အပြစ်ရှိကြောင်း ဝန်ခံသည့် စာရွက်တွင် လက်မှတ်ထိုးခိုင်းခြင်း ဖြစ်ပေသည်။

ရွှေ့ပြောင်း မြန်မာအလုပ်သမား တစ်ဦး ပြောပြသည်မှာ၊

*"ပုလိပ်က ကျွန်တော့်ကို ဘာအပြစ်တွေ ရှိတယ်ဆိုတာ ပြောပြပြီး အဲဒါတွေအတွက် ဝန်ခံခိုင်းတယ် ဒါနဲ့ ကျွန်တော်လည်း သူပြောတဲ့အတိုင်း ဝန်ခံလိုက်တယ်။"*

မြန်မာနိုင်ငံသား ဆောက်လုပ်ရေး အလုပ်သမား တစ်ဦး၊ ချင်းမိုင်ခရိုင်

အင်တာဗျူးတွင် ရွှေ့ပြောင်းအလုပ်သမားများ ပြောပြသည်မှာ အချုပ်ခန်းတွင်းတွင် လူများ အပြည့်အကျပ် ထည့်ထားပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းမှု မရှိဟု ဆိုသည်။ ရွှေ့ပြောင်းအလုပ်သမားများကို ကာလကြာရှည်စွာ ထိန်းသိမ်းထားရန် မသင့်တော်သော ရဲစခန်း အချုပ်ခန်းများနှင့် အချုပ်ကားများတွင် ထိန်းသိမ်းထားသည့် အချက်မှာလည်း ဖမ်းဆီးခံရသူအများစု ကြုံတွေ့ခဲ့ရသည့် ပြဿနာတစ်ရပ် ဖြစ်သည်။ အချုပ်ခန်းများတွင် လူများ အဆမတန် ပြည့်ကျပ်နေရခြင်းမှာ ရမန်ယူထားသူများနှင့် ဒဏ်ငွေ မဆောင်နိုင်သော လူများကို အသစ်ဖမ်းမိလာသူများနှင့် အတူရောနှော၍ ထိန်းသိမ်းထားသောကြောင့် ဖြစ်သည်။ အလုပ်သမားများသည်

အစားအစာများ ညံ့ဖျင်းခြင်း၊ သောက်သုံးရေများ နှင့် အခြေခံ လူသုံးကုန်များဖြစ်သော ခေါက်ဆွဲခြောက် အိမ်သာသုံးတစ်ရှူး အစရှိသည်တို့ကို ဈေးနှုန်းကြီးမြင့်စွာ ပေးဝယ်ရခြင်း တို့ကိုလည်း ပြောပြကြသည်။ အခြား ပြဿနာများမှာ ကျန်းမာရေး စောင့်ရှောက်မှု အားနည်းဖြင်း၊ ဖမ်းဆီးခံထားရသူများ အကြား ကျားမသီးသန့် ခွဲခြား ထားရှိမှု မရှိခြင်းနှင့် အမျိုးသမီး ရဲဂန်ထမ်းများ နည်းပါးခြင်းတို့ ဖြစ်သည်။

ထိုင်းနိုင်ငံအတွင်းရှိ ထိန်းသိမ်းရေးစခန်း အချို့မှ အခြေအနေများကို ရွှေ့ပြောင်းအလုပ်သမားများမှ အောက်ပါ အတိုင်း ပြောပြထားသည်။

*"ကျွန်တော့်မှာ အိမ်သာသုံးတဲ့ ရေပိုက်နဲ့ ရေချိုးရတယ်။ ပြီးတော့ ကျွန်တော်တို့ အားလုံး ရေနဲ့ အစားအစာတွေကို ကိုယ့်ဘာသာကိုယ် ဝယ်စားရတယ်"*

မြန်မာနိုင်ငံသား ငါးဖမ်း အလုပ်သမားတစ်ဦး၊ ဖန်ငခရိုင်

*" အခန်းထဲမှာ ရေချိုးဖို့နဲ့ အိမ်သာသုံးဖို့ အခန်းကို ဥမီတာလောက်ဘဲ အမြင့်ရှိတဲ့ နံရံနဲ့ကာထားပေးတယ်။ ဒါပေမယ့် တံခါးမရှိဘူး နောက် အနံ့ထုတ်တဲ့ စနစ်လည်း မရှိတော့ တစ်ယောက်အိမ်သာသွားရင် တစ်ခန်းလုံး နံနေတယ်။"*

မြန်မာနိုင်ငံသား ဆောက်လုပ်ရေး လုပ်သားတစ်ဦး၊ ချင်းမိုင်ခရိုင်

"မုဒါဟန် ရဲစခန်းမှာတော့ တာဝန်ရှိသူတွေက ဆွေမျိုးတွေ မလာနိုင်တဲ့သူတွေကိုသာ အစားအစာတွေ ပေးပါတယ်။ ဒါပေမယ့် ထိန်းသိမ်းခံထားရသူရဲ့ မိသားစုဝင်တွေ လာရင်တော့ ပုလိပ်တွေ အတွက်ပါ အစားအစာတွေ ဝယ်ခိုင်းပါတယ်။ တစ်ချိန်တည်းမှာဘဲ သူတို့အတွက် မုန့်တို့ ကော်ဖီတို့ မဝယ်လာရင်တော့ ကျွန်တော်တို့နဲ့ တွေ့ခွင့်မပြုဘူးလို့ ခြိမ်းခြောက်တယ်။"

ဘန်ကောက်ရှိ လာအို စက်ရုံ အလုပ်သမားတစ်ဦး၊ မုဒဟန် ခရိုင်

### *နေရပ် ပြန်လည် ပို့ဆောင်ခြင်း*

ရွှေ့ပြောင်းအလုပ်သမားများကို နေရပ် ပြန်လည်ပို့ဆောင်ရာတွင် အိုဟောင်းသော ယာဉ်များ သုံးစွဲခြင်း၊ ကားကို ကြမ်းတမ်းစွာ မောင်းနှင်ခြင်းနှင့် ရေနှင့် အစားအစာလုံလောက်အောင် မရရှိခြင်း အပြင် အိမ်သာသွားရန် လမ်းတွင် ကားရပ်နားပေးမှုများ မရှိခြင်းတို့ ကြုံတွေ့ကြရသည်။

*"ပြန်ပို့တဲ့ယာဉ်ပေါ်မှာ ကျွန်တော် တော်တော်လေး ကြောက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကားမောင်းသမား မောင်းတာ အရမ်းမြန်တယ်။ ကျွန်တော် လမ်းမှာ ဗိုက်လည်းဆာ၊ ရေလည်း ငတ်တယ် ဒါပေမယ့် ကျွန်တော် တခုခုပြောလိုက်ရင် တာဝန်ရှိသူတွေ ကျွန်တော့်ကို စိတ်ဆိုးပြီး အော်မှာ ကြောက်တယ်။"*

ကမ္ဘောဒီးယားလူမျိုး အလုပ်လက်မဲ့၊ ရရောင် ခရိုင်

*"ပြန်ပို့တဲ့အခါ တာဝန်ရှိသူတွေကဘာမှ မကျွေးပါဘူး၊ ရေလည်း မတိုက်ဘူး အပေါ့အလေးသွားဖို့တောင် နားမပေးဘူး။ "*

မြန်မာနိုင်ငံသား ဆောက်လုပ်ရေး လုပ်သားတစ်ဦး၊ မဲဆောက်၊ တာ့ခ် ခရိုင်

**အကြံပြုချက်များ**

MMN အနေနှင့် တောင်းဆိုသည်မှာ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီစေရန် ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း နေရပ်ပြန်လည်ပို့ဆောင်ခြင်းများကို နောက်ဆုံးနည်းလမ်း အနေဖြင့်သာ အသုံးပြုသင့်သည်။ အချို့ မဖြစ်မနေ အခြေအနေတွင် ဖမ်းဆီး၊ ထိန်းသိမ်းခြင်းနှင့် ပြန်လည်ပို့ဆောင်ခြင်းတို့ကို ပြုလုပ်ရမည်ဆိုပါက လူသားဆန်မှု၊ ပွင့်လင်းမြင်သာမှုရှိသော ပြုပြင်မှုများကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ပြုလုပ်သင့်ပြီး လွတ်လပ်သည့် တရားရေးရာဖြင့် ထိန်းကျောင်းသင့်သည်။ ကျွန်ုပ်တို့အနေဖြင့် အစိုးရများကို တောင်းဆိုသည်မှာ အလုပ်သမားများကို လူဝင်မှု ကြီးကြပ်ရေး အစီအစဉ်များဖြင့် ဖမ်းဆီးခြင်းများ မဖြစ်ရစေရန် အလုပ်သမားများ တရားဝင် ရွှေ့ပြောင်းခြင်း အစီအစဉ်များကို တိုးတက်ဖွံ့ဖြိုးအောင် ပြုလုပ်ပေးသင့်ပြီး ကောင်းမွန်သည့် အလုပ်အကိုင်နှင့် နေထိုင်မှု အခြေအနေများ ဖန်တီးပေးရန် လိုအပ်သည်။ ယခု လေ့လာတွေ့ရှိချက်များ အပေါ် အခြေခံပြီး MMN အနေဖြင့် အောက်ပါ အချက်များကို အရေးတကြီး ပြင်ဆင်သင့်သည်ဟု ယုံကြည်ပါသည်။

၁။ ရွှေ့ပြောင်းအလုပ်သမားများကို အကြောင်းပြချက်မရှိဘဲ ရုတ်တရက် ဖမ်းဆီး၊ ထိန်းသိမ်းခြင်းနှင့် နေရပ် ပြန်လည်ပို့ဆောင်ခြင်းများကို ကာကွယ်ရန် ရှင်းလင်းသော ပေါ်လစီများရှိရန်။

၂။ အစိုးရ အနေဖြင့် လူများကို အစုအဖွဲ့လိုက် ဖမ်းဆီးပြီး နေရပ် ပြန်ပို့သည့် လုပ်ဆောင်ချက်များကို ရပ်တန့်ရန်။

၃။ ဥပဒေမဲ့ ဖမ်းဆီး၊ထိန်းသိမ်း ခံရသူများကို ချက်ချင်း လွှတ်ပေးရန်နှင့် နစ်နာကြေး ပေးရန်။

၄။ မဲခေါင်ဒေသတွင်းရှိ အစိုးရများအနေဖြင့် ဖမ်းဆီး၊ ထိန်းသိမ်းခြင်းနှင့် နေရပ် ပြန်လည် ပို့ဆောင်ခြင်း လုပ်ငန်းစဉ်များအတွင်း ရွှေ့ပြောင်းအလုပ်သမားများကို ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ စော်ကားနှောင့်ယှက်မှုများအတွက် ဥပဒေအရ ပြင်းထန်စွာ အရေးယူရန်။

၅။ ရွှေ့ပြောင်းအလုပ်သမားများကို ဖမ်းဆီး၊ ထိန်းသိမ်းခြင်းနှင့် ပြန်လည်ပို့ဆောင်ခြင်းအတွင်း အကြမ်းဖက်ခြင်း ခြိမ်းခြောက်ခြင်းများသည် ပြစ်မှုမြောက် လုပ်ဆောင်ချက်များ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အာဏာပိုင်များ လေးစားလိုက်နာ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို အများပြည်သူများ အလွယ်တကူ သိရှိနိုင်အောင်

ပြုလုပ်ပေးရန်နှင့် တာဝန်ရှိသူများ အကြား ပိုမိုတင်းကြပ်စွာ လိုက်နာစေရန် စောင့်ကြည့်မှုများ ပြုလုပ်ပေးရန် အကြံပြုအပ်ပါသည်။

*အလုပ်သမားများ၏ မူရင်းနေရပ်နိုင်ငံများအတွက် အကြံပြုလိုသည်မှာ*

၁။ ရွှေ့ပြောင်းအလုပ်သမားများ မူရင်းနေရပ် နိုင်ငံများမှ တာဝန်ရှိသူများ အနေဖြင့် အကြံပေးရေးနှင့် အခြားလိုအပ်သော အကူအညီများကို အထိန်းသိမ်းခံထားရသူများ အပါအဝင် မိမိနိုင်ငံသားများမှ အကူအညီ တောင်းလာသော အခါ သင့်တော်သော နည်းလမ်းများဖြင့် ကူညီပေးရန်။

၂။ မူရင်းနေရပ် နိုင်ငံများမှ အစိုးရများအနေဖြင့် ထိုင်းနိုင်ငံ အစိုးရအား လူအစုလိုက် အပြုံလိုက် ဖမ်းဆီးပို့ဆောင်ခြင်းများ ရပ်တန့်သွားစေရန် အတွက် ညှိနှိုင်း ဆောင်ရွက်ရန်။

၃။ မူရင်းနေရပ် နိုင်ငံများမှ အစိုးရများအနေဖြင့် ထိုင်းအစိုးရနှင့် ပူးပေါင်းပြီး ရွှေ့ပြောင်းအလုပ်သမားများ ကိုယ်စား ဖမ်းဆီး၊ ထိန်းသိမ်းပြန်ပို့ရာတွင် လူသားဆန်သည့် အခြေအနေများ ရရှိရန် နှင့် နေရပ် ပြန်လည် ပို့ဆောင်ရေး ခရီးစဉ် များကို ဘေးကင်းလုံခြုံစွာ ဆောင်ရွက်ပေးရန်။

*တော်ဝင် ထိုင်းအစိုးရ အတွက် အကြံပြုလိုသည်မှာ*

**ဖမ်းဆီးခြင်း**

၁။ ဥပဒေကို အကောင်အထည် ဖော်နေသော တာဝန်ရှိသူများကို နိုင်ငံ၏ ဥပဒေသများကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်နှင့် ကိုက်ညီစွာ အကောင်အထည်ဖော်နိုင်ရန် စဉ်ဆက်မပြတ် သင်တန်းများ ပြုလုပ်ပေးရန်။

၂။ ဥပဒေ အကောင်အထည်ဖော်နေသော တာဝန်ရှိသူများမှ ထိုဖမ်းဆီး ထိန်းသိမ်း၊ ပြန်လည်ပို့ဆောင်မှုများ ဆိုင်ရာ တည်ဆဲ ဥပဒေ၊ ပေါ်လစီနှင့် လမ်းညွှန်မှု လုပ်ထုံးလုပ်နည်းများအား အများပြည်သူများ သိရှိရန်နှင့် ပွင့်လင်းမြင်သာမှု ရှိစေအောင် လုပ်ဆောင်ပေးရန်။

၃။ ဖမ်းဆီး ထိန်းသိမ်းခြင်းနှင့် ပြန်လည်ပို့ဆောင်ခြင်း၏ လက်တွေ့ လုပ်ဆောင်ချက်များကို ရဲများ၊ လူဝင်မှု ကြီးကြပ်ရေးနှင့် နယ်စပ်ဒေသ ထိန်းချုပ်ရေး အရာရှိများနှင့် လူမှုအဖွဲ့အစည်းအများနှင့် ပူးပေါင်း၍ ပိုမို လူသားဆန်သည့် လုပ်ဆောင်မှုများ ဖြစ်လာစေရန် စံသတ်မှတ် ထားရှိရန်။

၄။ ဖမ်းဆီးခံထားရသော ရွှေ့ပြောင်းအလုပ်သမားများကို ၎င်းတို့၏ အခွင့်အရေးများကို သိရှိစေရန် ပြောပြရမည်ဖြစ်ပြီး လိုအပ်သော ဥပဒေအရ ထောက်ပံ့မှုများနှင့် အစိုးရမဟုတ်သော အဖွဲ့များနှင့် သက်ဆိုင်ရာ သံရုံးဝန်ထမ်းများမှ ပေးသော အထောက်အပံ့များကို ရရှိအောင် လုပ်ဆောင်ပေးရန်။

၅။ ရွှေ့ပြောင်းအလုပ်သမား အရေအတွက် များသော ဒေသရှိ ရဲစခန်းများ၌ ကျွမ်းကျင်စကားပြန်များကို ထားရှိပေးရန်နှင့် ရဲစခန်း တာဝန်ခံများမှလည်း ထိုဘာသာပြန်ဝန်ဆောင်မှုများ ရရှိစေရန် တာဝန်ယူ ဆောင်ရွက်ပေးရန်။ ထိုကိစ္စနှင့် စပ်လျဉ်း၍ NGO များ သံရုံးများနှင့်လည်း ဆက်သွယ် ဆောင်ရွက် သွားရန်။

၆။ ညပိုင်းများနှင့် အာရုံတက်ချိန်များတွင် စီးနင်းဝင်ရောက် ဖမ်းဆီးမှုများ ချက်ချင်း ရပ်တန့်ပေးရန်။ အကယ်၍

လိုအပ်သောကြောင့် ပြုလုပ်မည် ဆိုပါကလည်း တင်းကျပ်သော ဥပဒေများကို လေးစားလိုက်နာရန် စောင့်ကြည့်ရမည်။

၇။ ဖမ်းဆီးသော အာဏာပိုင်များသည် ရွှေ့ပြောင်း အလုပ်သမားများအား လိုအပ်သော စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ပြီး အကူအညီလိုအပ်သော အုပ်စုဝင် ဖြစ်မဖြစ် သတ်မှတ်ပေးရန် သို့မဟုတ် စစ်ဆေး မေးမြန်းရာတွင် ကျွမ်းကျင်ပြီး လိုအပ်သော ထောက်ပံ့မှုများ ပြုလုပ်ပေးနိုင်သော အခြားဌာနများသို့ လွှဲပြောင်းပေးရန်။

**ထိန်းသိမ်းခြင်း**

၈။ ထိုင်းနိုင်ငံ အနေဖြင့် ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသူများကို ထိန်းသိမ်းရာတွင် အခြား ပိုမိုကောင်းမွန်သော နည်းလမ်းများကို အသုံးပြုရန်။

၉။ တာဝန်ရှိသူများ အနေဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် စပ်လျဉ်း၍ ထိန်းသိမ်းမှုများကို နောက်ဆုံး အခြေအနေမှသာ အသုံးပြုရန် ။

၁၀။ တာဝန်ရှိသူများ အနေဖြင့် ရွှေ့ပြောင်းသူများထဲတွက် ထိခိုက်လွယ်သော အုပ်စုဝင် ဖြစ်သည့် ကလေးများ၊ နိုင်ငံရေး ခိုလှုံခွင့် ရှာနေသူများ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်အင်္ဂါ မသန်စွမ်းသူများ၊ ကျန်းမာရေး အထူးစောင့်ရှောက်မှု လိုအပ်သူများ နှင့် လူကုန်ကူးခံရသူများကို ထိန်းသိမ်းထားခြင်း မပြုလုပ်ရန်။

၁၁။ တာဝန်ရှိသူများ အနေဖြင့် ထိန်းသိမ်းခံရသူများကို နိုင်ငံတကာ စံချိန်နှင့် နည်းလမ်း စည်းမျဉ်းများအတိုင်း ထိန်းသိမ်းရေး စခန်းများတွင် လူသားဆန်စွာ အောက်ပါအချက်များအတိုင်း ထိန်းသိမ်းစောင့်ရှောက်ရန် ။

- က။ ကျန်းမာရေး စောင့်ရှောက်မှုများ ပံ့ပိုးပေးရန်၊ ဖမ်းဆီးရသည့် အကြောင်းရင်းကို နားလည်စေရန် ၄င်းတို့ ဘာသာဖြင့် ဘာသာပြန်ပေးရန်၊ ဥပဒေရေးရာ ကူညီထောက်ပံ့မှု ပြုရန်၊ သင့်တော်သော ရေနှင့် အစားအစာများ ဖြည့်ဆည်းပေးရန်။
- ခ။ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက် ခံရမှုများ ကင်းဝေးစေရန်။
- ဂ။ ရာဇဝတ်မှု ကျူးလွန်သူများနှင့် ရောနှောထိန်းသိမ်းခြင်း မပြုရန်။
- ဃ။ ထိန်းသိမ်းမှုကို သင့်တော်သော တရားဥပဒေကြောင်း အရ ခုခံမှုများ ပြုလုပ်နိုင်ရန်
- င။ ထိန်းသိမ်းခံရသူများကို မိသားစုဝင်များ၊ သက်ဆိုင်ရာ သံတမန်ကိုယ်စားလှယ်များ အပါအဝင် အခြား ပြင်ပကမ္ဘာနှင့် ဆက်သွယ်ခွင့်ပေးရန်။

၁၂။ ထိန်းသိမ်းရေးတွင် အမျိုးသားနှင့် အမျိုးသမီးများကို အခန်းများ ခွဲထားရန် လိုအပ်ပြီး မိသားစုများ အတွက်လည်း သင့်တော်အောင် စီစဉ်ဆောင်ရွက်ပေးရန်။

၁၃။ တာဝန်ရှိသူများသည် အမျိုးသမီး ရဲအရာရှိများနှင့် လူဝင်မှု ကြီးကြပ်ရေး အရာရှိများကို ရဲစခန်းနှင့် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေး စခန်းများတွင် လုံလောက်အောင် ခန့်ထားပေးရန်။

၁၄။ တာဝန်ခံများသည် ရွှေ့ပြောင်းအလုပ်သမားများထဲမှ အတင်းအကြပ် ခိုင်းစေခံရသူများနှင့် ဒုက္ခသည်များ အစရှိသည့် လူ့အခွင့်အရေး ချိုးဖောက်ခံရသူများကို ခွဲခြားရွေးထုတ်ပြီး သက်ဆိုင်ရာ အကူအညီပေးနိုင်သည့် အဖွဲ့များ (ဥပမာ၊ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR) သို့ ချက်ခြင်း လွှဲပြောင်းပေးရန်။

**နေရပ် ပြန်လည် ပို့ဆောင်ခြင်း**

၁၅။ တော်ဝင်ထိုင်းအစိုးရ တာဝန်ရှိသူများသည် ပြန်ပို့ခံရမည့် ရွှေ့ပြောင်းအလုပ်သမားများ၏ လုံခြုံစိတ်ချမှုကို

တာဝန်မခံနိုင်လျှင် မူရင်းနိုင်ငံသို့ ပြန်လည်ပို့ဆောင်မှု မပြုလုပ်ရန်။

၁၆။  ဥပဒေ အကောင်အထည်ဖော်သည့် တာဝန်ရှိသူများသည် ပြန်လည်ပို့ဆောင်ခံရမည့်သူများကို ဂုဏ်သိက္ခာ ရှိရှိ လူသားဆန်စွာ ပြုမူဆက်ဆံရန်။

၁၇။ ရွှေ့ပြောင်းအလုပ်သမားများကို နေရပ်ပြန်ပို့ရာတွင် အသုံးပြုသည့် ယာဉ်၊ ယာဉ်မောင်းနှင့် လိုက်ပါသူများ၏ လုံခြုံစိတ်ချရေးအတွက် လုံခြုံရေးနှင့် ကျန်းမာရေး စံနှုန်းများနှင့် ကိုက်ညီသော တင်းကြပ်သော စည်းမျဉ်းများ ချမှတ် အကောင်အထည် ဖော်ပေးရန်။